# ယနေ့ ဂျပန်နိုင်ငံတွင် တီဘီရောဂါ ရှိနေဆဲဖြစ်သည်



တစ်နှစ်အတွင်း
(2025 ခုနှစ်)

**အသစ်စာရင်းသွင်းသူဦးရေ -**
**9,899 ဦး**

**သေဆုံးသူဦးရေ (ခန့်မှန်း) -**
**1,474 ဦး**

အသစ်စာရင်းသွင်းသည့် တီဘီလူနာအများစုသည် သက်ကြီးရွယ်အိုများဖြစ်ပြီး ခန့်မှန်းခြေ 60% သည် အသက် 60 နှစ်နှင့်အထက် ဖြစ်သည်။



**စောစီးစွာ**
**ရှာဖွေတွေ့ရှိခြင်း၊**
**စောစီးစွာ**
**ရောဂါအတည်ပြုခြင်း**

**အားဖြင့် မှန်ကန်သော ကုသမှုကို ခံယူပါ!**

ချောင်းဆိုး၊ သလိပ်ကပ်ခြင်းကို ၂ပါတ်ကျော်ကြာ တောက်လျှောက်ဖြစ်နေခြင်း၊ ကိုယ်နည်းနည်းပူတာနဲ့ ကိုယ်ခန္ဓာနုံးနယ်ခြင်း တောက်လျှောက် ဖြစ်ပွါးနေပါက အမြန်ဆုံး ကျန်းမာရေးဌာန (ဆေးရုံ ဆေးခန်း ) သို့ သွားရောက်ပြသကြပါစို့။




**ရောဂါဝေဒနာအမျိုးအစား အမျိုးမျိုးရှိသော်လည်း**

**အခြေခံ ကူးစက်ရောဂါကာကွယ်ရေး နည်းလမ်းများက ထိရောက်မှုရှိပါသည်**

အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများတွင် တုပ်ကွေး၊ COVID-19၊ ဘက်တီးရီးယားကြောင့် ဖြစ်သော အဆုတ်ရောင်ရောဂါ စသည်တို့ ပါဝင်ပြီး လက်ဆေးခြင်း၊ လေဝင်လေထွက် ကောင်းစေခြင်း နှင့် ချောင်းဆိုးသည့်အခါ ယဉ်ကျေးမှုစည်းကမ်း လိုက်နာခြင်းကဲ့သို့ အခြေခံ ကူးစက်ရောဂါ ကာကွယ်ရေး နည်းလမ်းများ၊ ကြိုတင်ကာကွယ် မှုများသည် ထိရောက်မှုရှိပါသည်။

## အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ အကြောင်းကို မှန်ကန်စွာ သိရှိပါ



## ချောင်းဆိုးမှု ကြာရှည်နေပါက NTM ရောဂါ ဖြစ်နိုင်ခြေ ရှုထောင့်ကိုလည်း ထည့်သွင်းစဉ်းစားပါ



**ရောဂါလက္ခဏာမျိုးစုံ တွေ့ရှိရတတ်သော**

**တီဘီမဟုတ်သော မိုက်ကိုဘက်တီးရီးယားရောဂါ (NTM)**

တီဘီမဟုတ်သော မိုက်ကိုဘက်တီးရီးယားရောဂါ (NTM) တွင် တာရှည် ချောင်းဆိုးခြင်းနှင့်သလိပ်ထွက်ခြင်း၊ ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် ကိုယ်အလေးချိန် ကျဆင်းခြင်း စသည့် ရောဂါလက္ခဏာမျိုးစုံကို တွေ့ရှိရတတ်သော်လည်း တီဘီရောဂါနှင့် မတူဘဲ ပုံမှန်အားဖြင့် လူမှလူသို့ ကူးစက်ခြင်း မရှိပါ။




**နေထိုင်ရာအနီးရှိ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဌာန တွင် ပြသပါ**

ရောဂါအတည်ပြုရာနှင့် ကုသရာ၌ အချိန်ကြာမြင့်တတ်သောကြောင့် ရောဂါလက္ခဏာများ ဆက်လက်ရှိနေပါက စောလျင်စွာ ပြသပါ။

※NTM (တီဘီမဟုတ်သော မိုက်ကိုဘက်တီးရီးယား)


ORGANIZER MHLW Ministry of Health, Labour and Welfare of Japan

SUPPORT CAICM Cabinet Agency for Infectious Disease Crisis Management

MEXT Ministry of Education, Culture, Sports, Science and Technology-Japan

# တီဘီရောဂါ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ | NTM ရောဂါ နှင့် ပတ်သတ်သည့် အမေးအဖြေ

တီဘီရောဂါ

## Q1 တီဘီရောဂါသည် ဘယ်လိုကူးစက်ပါသလဲ ?

တီဘီရောဂါ အခြေအနေပိုဆိုးလာပါက ချောင်းဆိုး၊ နှာချေစသည်တို့ကြောင့် လေထုထဲ တီဘီ ဘက်တီးရီးယားပိုး (TB) ပါသည့် အမှုန်အမွှားများက ပျံ့နှံ့သွားပါမည်။ ထို တီဘီဘက်တီးရီးယားပိုး (TB) ကို ရှူရှိုက်မိမှုကြောင့် ပတ်ဝန်းကျင်က လူတွေဆီ ကူးစက်ပျံ့နှံ့သွားပါမည်( လေထုမှကူးစက်ခြင်း) ။

တီဘီရောဂါရဲ့ ရောဂါလက္ခဏာများမှာ(ချောင်းဆိုး၊ သလိပ်ထွက် ၊ ကိုယ်နည်းနည်းပူ၊ကိုယ်ခန္ဓာ နုံးနယ်ခြင်း စသဖြင့်) ထူးခြားတဲ့အသွင်အပြင်မရှိပဲ ဖြစ်ခါစမှာတီဘီလက္ခဏာမပေါ်လွင်တာများလို့ အထူးသဖြင့် သက်ကြီးရွယ်အိုတွေမှာ သတိမထားမိချိန်မှာ တော်တော်လေးကူးစက်ခံနေရမှုမျိုး တွေ့ရှိရပါသည်။ချောင်းဆိုး၊သလိပ်ကပ် ၂ပါတ်ကျော် ကြာပြီး ကိုယ်ပူနွေးခြင်း နုံးနယ်ခြင်းများ ဖြစ်ပွါးပါက အမြန်ဆုံး ကျန်းမာရေးဌာနသို့ သွားရောက်ပြသကြပါစို့။

## Q2 ပုံမှန်အားဖြင့် သတိထားသင့်သည့် အရာများ ?

ရင်ဘတ်ကို ဓါတ်မှန်ရိုက်စစ်ခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးခြင်း ခံယူမှုကို ပုံမှန်သတ်မှတ်ပြီး စစ်ဆေးရန် အလွန်လိုအပ်ပါသည်။ တီဘီရောဂါ စတင်ဖြစ်ပွါးလည်းပဲ အမြန်ရှာဖွေတွေ့ရှိပါက ရောဂါ အခြေအနေပြင်းထန်မှုကို ကာကွယ်ပေးမှု တခုတည်းတင်မဟုတ်ပဲ မိသားစု၊ အသိမိတ်ဆွေများထံ ကြီးမားသော ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်ပါသည်။

## Q3 တီဘီရောဂါသည် ကုသမယ်ဆိုရင် ပျောက်ကင်းပါသလား?

တီဘီရောဂါသည် ပုံမှန်အားဖြင့် ဆေး( တီဘီခုခံဆေးမျိုးစုံ)တို့ကို ဆရာဝန်ရဲ့ ညွှန်ကြားချက်အတိုင်း သောက်ခြင်းဖြင့် ကုသနိုင်ပါသည်။

ကုသရေးအတွက် သတ်မှတ်အချိန်ကာလသည် ၆လမှ၉လ ဖြစ်ပါသည်။ ကုသနေစဉ်အတွင်း ဆေး သောက်သုံးမှုကို ရပ်နားခြင်း၊ ညွှန်ကြားချက်အတိုင်း ဆေးကို မသောက်သုံးခြင်းများပြုပါက တီဘီ ရောဂါ ဘက်တီးရီးယားပိုးသည် ဆေးအပေါ်ယဉ်ပါးသွား( ခံနိုင်ရည်ရှိသွား) ပါမည်။ ဆေးမတိုးသော တီဘီဘက်တီးရီးယားပိုး (TB) (ခံနိုင်ရည်ရှိသွားတဲ့ဘက်တီးရီးယားပိုး) ဖြစ်သွားနိုင်ခြေရှိပါသည်။ ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို လိုက်နာပြီး သတ်မှတ်ထားသည့် ကာလအတွင်း အသေအချာ ဆေးကိုစဉ်ဆက်မပြတ် သောက်သုံးဖို့က အလွန်အရေးကြီးပါသည်။

အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ

## Q4 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါမှာ ဘယ်လိုပုံစံမျိုးရှိပါသလဲ?

ကိုရိုနာ ကူးစက်ရောဂါ၊ ရာသီအပြောင်းအလဲ တုပ်ကွေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ် ရောဂါ (RSV) ၊ ဘက်တီးရီးရယားပိုး အဆုတ်ရောင်ရောဂါ စသဖြင့်ရှိပါသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ အများစုသည် ကူးစက်ခံရသည့်လူရဲ့ချောင်းဆိုး၊ နှာချေခြင်းမှတဆင့် ပျံ့နှံ့သွားသည့် လေထုထဲမှရောဂါပိုးပါဝင်သည့် အမှုန်အမွှားများကို ရှူရှိုက်မိခြင်းဖြင့် ကူးစက်ပါသည်။

## Q5 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကို ဘယ်လိုကာကွယ်ကြရင် ကောင်းမလဲ?

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကာကွယ်မှုရဲ့ အခြေခံသည် ( လက်ဆေးခြင်း) ၊ (မက်စ်တပ်ခြင်းအပါအဝင် အကာအကွယ်ဖြင့်ချောင်းဆိုးခြင်း) ဖြစ်ပါတယ်။ အပြင်မှ ပြန်လာချိန် ၊ ချက်ပြုတ်ပြင်ဆင်ချိန်မတိုင်မီနှင့် ချက်ပြုတ်ပြီးချိန်၊ အစာမစားမီ တို့တွင် လက်ကို ခဏခဏ ဆေးကြပါစို့။

ထို့အပြင် ကူးစက်မှုမပြန့်ပွါးအောင် ချောင်းဆိုး၊ နှာချေသောအခါ မက်စ်၊ တစ်ရှူး၊ လက်ကိုင်ပုဝါ၊ လက်မောင်း အင်္ကျီစဖြင့် နှာခေါင်းနဲ့ပါးစပ်ကို ဖုံးကာပါ။

ထို့အပြင် ကိုရိုနာကူးစက်ရောဂါ၊ ရာသီအကူးအပြောင်း တုပ်ကွေး၊ နျူမိုကောကပ်စ်ကူးစက်ရောဂါ ကာကွယ်ဆေးသည် ရောဂါလက္ခဏာ ဆိုးရွားလွယ်သည့် သက်ကြီးရွယ်အိုနှင့် ဆေးရုံ/ဆေးခန်း အမြဲသွားနေ ပြနေရတဲ့ ရောဂါအခံရှိသူ( နာတာရှည်ရောဂါရှိသူ) များကို ပစ်မှတ်ထားပြီး ပုံမှန်ကာကွယ်ဆေးကို ထိုးပေးနေပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးခြင်းရဲ့ အသေးစိပ်ကို မိမိတို့နေထိုင်ရာ ဒေသ၊ မြို့နယ်၊ရပ်ကွက်မှာ စုံစမ်းမေးမြန်းပါ။

NTM ရောဂါ

## Q6 NTM ရောဂါ (တီဘီမဟုတ်သော မိုက်ကိုဘက်တီးရီးယားရောဂါ) သည် မည်သို့သော ရောဂါဖြစ်သနည်း?

NTM ရောဂါဆိုသည်မှာ မြေဆီလွှာ၊ ရေနှင့် ရေချိုးခန်းကဲ့သို့သော ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း ရှိနေသော ပိုးမွှားများသည် အဆုတ်နှင့် အခြားကိုယ်အင်္ဂါများအတွင်း ဝင်ရောက်ပြီး တဖြည်းဖြည်း ရောင်ရမ်းမှု ဖြစ်စေသော ရောဂါဖြစ်သည်။ တီဘီရောဂါနှင့် မတူဘဲ သာမန်အားဖြင့် လူမှလူသို့ ကူးစက်ခြင်း မရှိပါ။ ချောင်းဆိုးခြင်းနှင့် သလိပ်ထွက်ခြင်းတို့ ကြာရှည်ဆက်တိုက်ရှိနေပြီး အသက်ရှူရခက်ခြင်းကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများနှင့် အဖျားအနည်းငယ်ရှိခြင်း၊ ကိုယ်အလေးချိန် ကျဆင်းခြင်းကဲ့သို့ တစ်ကိုယ်လုံးဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရတတ်ပါသည်။

## Q7 NTM ရောဂါသည် အဘယ်ကြောင့် စောစီးစွာရောဂါအတည်ပြုနိုင်ရန်မှာ အရေးကြီးပါသနည်း?

NTM ရောဂါသည် တဖြည်းဖြည်းချင်းသာ တိုးပွားလာတတ်သောရောဂါဖြစ်သော်လည်း ကူးစက်မှု ကာလရှည် ဆက်လက်ရှိနေပါက အဆုတ်ပျက်စီးမှုကို ပိုမိုဆိုးရွားလာစေနိုင်သည်။ စောစီးစွာ ရောဂါအတည်ပြုနိုင်ပါက ရောဂါအခြေအနေကို သိရှိနိုင်ပြီး လိုအပ်ပါက ကုသမှု သို့မဟုတ် စောင့်ကြည့်စစ်ဆေးမှုကို စတင်နိုင်သည်။ ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်းတို့ ကြာရှည်နေပြီး အသက်ရှူရခက်ခြင်း ဆက်တိုက်ဖြစ်ပေါ်နေပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ဌာန( စသည်) ရှိသော ဆေးရုံဆေးခန်းတွင် စောလျင်စွာ တိုင်ပင်ရန်မှာ အရေးကြီးသည်။